myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 18, 2019 Volume 21, Number 13

**၁၈.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၂၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၄၁၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၂/ကျပ် |
| CBM Rate | = ၁၅၁၃.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၀.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၃.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၉.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၄.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၄.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## တရုတ်နိုင်ငံသို့ နာနတ်သီးအပါအဝင် မြန်မာပို့ကုန်သီးနှံငါးမျိုးကို အမြန်ဆုံးတင်ပို့ခွင့်ရရှိရေး ဆွေးနွေး

တရုတ်နိုင်ငံသို့ နာနတ်သီး အပါအဝင် မြန်မာပို့ကုန်သီးနှံငါးမျိုးကို အမြန်ဆုံး တင်ပို့ခွင့်ရရှိရေးအတွက် နှစ်နိုင်ငံဝန်ကြီးဌာနများ ဇူလိုင်လ ၁၂ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ မြန်မာပို့ကုန်သီးနှံများ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရန် နှစ်နိုင်ငံသဘောတူသည့် ပို့ကုန်အရည်အသွေး သတ်မှတ်ချက်များ၊ကုန်သွယ်ရေးမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ တရုတ် ဇဟိုအကောက်ခွန်ဌာနမူဝါဒများကို တရုတ်နိုင်ငံတွင် ဆွေးနွေးခြင်းဖြစ်ကြောင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးဖုန်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက မြန်မာ တောင်သူကြီးများဂျာနယ်ကိုပြောသည်။ နာနတ်သီးကို တရုတ်ဘက်က စပြီး ပိတ်လိုက်တဲ့ အချိန်ကတည်းက တရုတ် နိုင်ငံအုပ်ချုပ်ရေးဘက်ကို ဌာနအနေနဲ့ တရားဝင်စာပို့ပေးတယ်။ နယ်စပ်နဲ့ ဆက်စပ်နေတဲ့ ကျယ်ခေါင်အုပ်ချုပ်ရေးမှူး၊ ဝမ်တိန်အစိုးရအဖွဲ့၊ ပါတီဥက္ကဋ္ဌ တွေနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီအခြေအနေတွေကို ကုန်သွယ်ရေးဦးစီးဌာန ရုံးချုပ်ကိုတင်ပြပါတယ်။ တစ်ဖက်နိုင်ငံက လက်ခံမယ့် ပုံစံကိုလည်း တင်ပြထားတယ်။ နောက်တစ်ခု တောင်းဆိုတာက တင်ပို့တဲ့သီးနှံ အမယ်စာရင်းမှာမပါသေးလို့ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနဘက်ကနေ တရုတ်နိုင်ငံ အကောက်ခွန်ဇဟိုကို နာနတ်သီးအပါအဝင် သီးနှံငါးမျိုးကို ပိုးမွှားကင်းစင် ကြောင်းစာနဲ့ အကြောင်းကြားစာပေးပို့ထားပါပြီ။ နိုင်ငံခြားရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစပ်ပြီး အကြောင်းကြားစာပေးပို့ပြီး ပါပြီ။ မြန်မာပို့ကုန်ပစ္စည်းတွေမှာ အခက်အခဲဖြစ်နေတာတွေနဲ့ ပတ်သက်ပြီးတော့ တရုတ်နိုင်ငံရဲ့သွင်းကုန် လုပ်ထုံးလုပ်နည်းမူဝါဒ၊ လုပ်နည်းစနစ်၊ အရည်အသွေး သတ်မှတ်ချက်တွေကို အသေးစိတ်ဆွေးနွေးနိုင်ဖို့ ဇူလိုင်လ ၁၂ ရက်မှာ စိုက်ပျိုးရေးဦးစီးဌာန နယ်စပ်ကုန်သွယ်ရေးစခန်းက တာဝန်ရှိသူတွေ သွားရောက် ဆွေးနွေးမှာပါ။ နာနတ်သီးတင်မက မြန်မာပို့ကုန်အမယ်အားလုံးတရားဝင် တင်ပို့ခွင့်ရအောင် ကြိုးစားနေပါတယ်။

မြန်မာပို့ကုန် အမယ်အားလုံး တရားဝင်တင်ပို့နိုင်မှ ပို့ကုန် ကုန်သွယ်မှု တန်ဖိုးတက်လာမယ်။ နယ်စပ်နဲ့ပြည်မက စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူ တွေ၊ ဘိန်းအစားထိုးစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေအဆင်ပြေဖို့ နှစ်နိုင်ငံ သဘောတူနိုင်အောင် ကြိုးစားနေပါတယ်။ လက်ရှိမှာတော့ နာနတ်သီးက နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးထားတဲ့ သီးနှံရှစ်မျိုးထဲမှာမပါလို့ တင်ပို့ခွင့် ပိတ်လိုက်တာပါ။ ဒီနှစ် နာနတ်ရာသီအစ ၁၀ ရက်လောက်ပဲ တင်ပို့နေဆဲ အခုလို ပိတ်သွားတာပါဟု ၎င်းကဆွေးနွေးပွဲ မတိုင်မီရက်ပိုင်းကပြောသည်။ ရှမ်းပြည် မြောက်ပိုင်းတွင် အဓိကစိုက်ပျိုးထုတ်လုပ်သည့် နာနတ်သီးတင်ပို့မှုကို တရုတ် နိုင်ငံအနေဖြင့် ဇွန်လ၁၅ ရက်နေ့မှ စတင်ပိတ်လိုက်သည့်နောက်ပိုင်း

### CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနက နှစ်နိုင်ငံ သဘောတူညီမှုရရှိရန် အမြန်ဆုံး ဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေး ဦးစီးဌာနကလည်း သီးနှံငါးမျိုးဖြစ်သော ငှက်ပျောသီး၊ နာနတ်သီး၊ ထောပတ်သီး၊ ကျွဲကောသီး၊ ရှောက်လိမ္မော်မျိုးရင်းဝင်အသီးများကို သီးနှံဖျက်ပိုးစာရင်းနှင့်ပတ်သက်သော အချက်အလက်များပြုစုကာ တရုတ်နိုင်ငံသို့ ပြန်လည်ပေးပို့ထားပြီးဖြစ်ကြောင်းသိရသည်။ နာနတ်သီးနဲ့ပတ်သက်လို့ တရုတ်နိုင်ငံဘက်ကို စုံစမ်းကြည့်တော့ တရုတ် အစိုးရဌာနတွေက စည်းကမ်းဥပဒေကို တိတိကျကျလိုက်နာလာတဲ့အခါ နာနတ်သီးက မြန်မာ-တရုတ်သဘောတူ လက်မှတ်ရေးထိုးထားတဲ့ သီးနှံရှစ်မျိုးထဲ မပါဘူးဖြစ်နေတာ။ ဒါကြောင့် စည်းကမ်းအတိုင်းလုပ်တယ်လို့ပြောတယ်။ သဘောတူ လက်မှတ်ထိုးတာတဲ့ သီးနှံတွေထဲမပါလို့ ပိတ်ပင်လိုက်တာဖြစ်လို့ အပြစ်မရှိကြောင်း၊ စည်းကမ်းအတိုင်း ဆောင်ရွက်ခြင်းသာဖြစ်ကြောင်းပြောပါတယ်။ ကျွန်တော်တို့ မူဆယ်သစ်သီးကုန်စည်ဒိုင်တွေ၊ အသင်းအဖွဲ့တွေ အနေနဲ့ တောင်းဆိုလို့ အရာမရောက်တော့ပါဘူး။ အစိုးရပိုင်းကနေ ပို့ကုန်သီးနှံတွေ အမြန်ဆုံးတင်ပို့နိုင်ရေး သဘောတူ လက်မှတ်ထိုးနိုင်အောင် ကြိုးစားဖို့လိုပါတယ်။ နှစ်နိုင်ငံသဘောတူလက်မှတ်ထိုးပြီးမှသာ တင်ပို့ခွင့်ပြုတော့မယ့် အနေအထားဖြစ်လာပါတယ်ဟု မူဆယ်သစ်သီးကုန်စည်ဒိုင် အမှုဆောင်တစ်ဦးကပြောသည်။

**Source:** www.thefarmermedia.com

## ထိုင်းဘတ်ငွေ တန်ဖိုးမြင့်တက်မှုကြောင့် ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းဆန်တင်ပို့မှု ၁၂ ရာခိုင်နှုန်းကျဆင်း

ထိုင်းဘတ်ငွေ တန်ဖိုးမြင့်တက်မှုကြောင့် ၂၀၁၉ ခုနှစ် ပထမ နှစ်ဝက်အတွင်း ထိုင်းဆန် တင်ပို့မှု ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးယခုနှစ်၏ ပို့ကုန်မျှော်မှန်းချက် တန်ချိန် ၉ ဒသမ ၅ သန်းကို ပြည့်မီဖွယ် မရှိကြောင်း ပို့ကုန်လုပ်ငန်းရှင် အဖွဲ့တစ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင်ပြောသည်။ ထိုင်းဘတ်ငွေသည် အာရှတိုက်၏ တန်ဖိုးမြင့်တက်မှု အားအကောင်းဆုံး ငွေကြေးတစ်ခုဖြစ်နေပြီး ယခုနှစ်တွင် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ချက်အရ ခြောက်နှစ်ကျော်နီးပါးအတွင်း အမြင့်ဆုံးအထိ အားကောင်းလျက်ရှိသဖြင့်ထိုင်းနိုင်ငံမှာ ဆန်တင်ပို့ရာတွင် အခက်တွေ့နေရသည်။

အိန္ဒိယနောက် ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးအဖြစ် ရပ်တည်နေသောထိုင်းနိုင်ငံသည် ယခုနှစ် ဇန်နဝါရီမှ ဇွန်လအတွင်း ဆန်တန်ချိန် ၄ ဒသမ ၂ သန်း တင်ပို့ခဲ့ပြီး နောက်ဆုံးနှစ်လ၏ တင်ပို့မှုမှာတစ်လလျှင် တန်ချိန် ခြောက်သိန်းသို့ နိမ့်ကျလာခဲ့သည်။ ၎င်းမှာ လစဉ်တင်ပို့မှု မျှော်မှန်းပမာဏ တန်ချိန် ရှစ်သိန်းအောက် လျော့နည်းခဲ့သည်။ ငွေလဲနှုန်းအရ ထိုင်းဆန်စျေးဟာ အလွန်ကြီးမြင့်နေပါတယ်ဟု ထိုင်းဆန်ပို့ကုန် လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ Chookiat Ophaswongse က ရိုက်တာသတင်းဌာနသို့ ပြောသည်။ ဘတ်ငွေဟာ ဒေါ်လာနဲ့နှိုင်းယှဉ်ချက်အရ တစ်ဒေါ်လာ ဘတ် ၃၀ နှုန်းအောက်အထိ ဆက်အားကောင်း နေမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဘာမှလုပ်လို့မရတော့ပါဘူးဟု ၎င်းကဆက်ပြောသည်။ ထိုင်း ငါးမှတ်ဆန်စျေးမှာ ပြီးခဲ့သော ကြာသပတေးနေ့တွင် တစ်တန်လျှင် ၄၀၄ ဒေါ်လာ၌ ရပ်တည်နေရာ ၃၇၂ ဒသမ ၅ ဒေါ်လာနှင့် ဒေါ်လာ ၃၃၂ ဒသမ ၅၀ အသီးသီးရှိသော ပြိုင်ဘက်အိန္ဒိယနှင့် ဗီယက်နမ် တို့၏ ဆန်စျေးနှုန်းများထက် သိသိသာသာ မြင့်မားနေသည်။ ထိုင်းဆန်ပို့ကုန် လုပ်ငန်းရှင်များအသင်းသည် ယခုနှစ်ဦးပိုင်းက လက်ရှိနှစ်တွင် ဆန်တန်ချိန် ၉ ဒသမ ၅ သန်း တင်ပို့မည်ဟု မျှော်မှန်းထားရာ ၂၀၁၈ ခုနှစ်၏တင်ပို့မှု တန်ချိန် ၁၁ သန်း နိမ့်ကျနေနှင့်ပြီးဖြစ်သည်။ သို့သော် ယခုအခါ ဆန်တန်ချိန် ကိုးသန်းအထိ တင်ပို့နိုင်ရန်ပင် မလွယ်ကူတော့ကြောင်း Chookiat က ပြောသည်။ စျေးနှုန်းချင်း ဒီလောက်ကွာနေတော့ ဝယ်လက်တွေက ဗီယက်နမ်ဆန်ကိုပဲဝယ်မယ်ဆိုတာ စဉ်းစားနေဖို့တောင် မလိုပါဘူးဟု ၎င်းက ပြောသည်။

ထိုင်းနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆန်စျေးကွက်လုယူမှုနှင့်လည်း ကြုံတွေ့နေရပြီး ကမ္ဘာ့ ဆန်တင်သွင်းမှုအများဆုံးနှင့် ထိုင်း၏တတိယအကြီးဆုံး ဆန်ဝယ်လက် တရုတ်သည် ယမန်နှစ်တွင် နိုင်ငံ၏ အရန်ဆန်များကို ပြန်လည်ရောင်းချခဲ့သည်။ တရုတ်နိုင်ငံသည် အရန်ဆန်များနေခြင်းကြောင့် အကြီးဆုံး ဆန်ကုန်သွယ်ဖက်နိုင်ငံများဖြစ်သော ဗီယက်နမ်၊ ထိုင်းတို့နှင့်ကုန်သွယ်မှုလျှော့ချခဲ့ပြီး နိုင်ငံပိုင်ဆန်ဟောင်းများကို ယခင်က ထိုင်းအပိုင်စီးခဲ့သော အာဖရိကစျေးကွက်များတွင် ရောင်းချခဲ့သည်ဟု Chookiat က ပြောသည်။ "ဒီနှစ်မှာ တရုတ်က ဗီယက်နမ်ဆီက ဆန်သိပ်မဝယ်ခဲ့တာကြောင့် ဗီယက်နမ်ဟာ စျေးကွက်တိုင်းမှာ ထိုင်းနဲ့အပြိုင် ရောင်းချစရာဆန်တွေ ရလာပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်ကလည်း အာဖရိကစျေးကွက်တွေကို လုယူနေပါတယ်ဟု ၎င်းကပြောသည်။ ထိုင်းနိုင်ငံသည် ဇန်နဝါရီမှ မေလအတွင်း တရုတ်သို့ ဆန် ဘတ်ငွေ ၃ ဒသမ ၇

ဘီလျံ(အမေရိကန် ဒေါ်လာ ၁၂၈ ဒသမ ၁ သန်း) ဖိုးရောင်းချခဲ့ရာ ယခင်နှစ်အလားတူ ကာလထက် ၄၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းများအရ သိရသည်။ တရုတ်တွင် ဆန်ပိုလျှံနေခြင်းကြောင့် ထိုင်းအစိုးရနှင့် တရုတ်အစိုးရပိုင် COFCO ကုန်သွယ်ရေး လုပ်ငန်းတို့၏ အစိုးရချင်း သဘောတူညီသော ဆန်အရောင်းအဝယ်မှာလည်းတုံ့ဆိုင်းလျက်ရှိသည်။

**Source:** www.thefarmermedia.com

## ကချင်ပြည်နယ်ရှိ တစ်သျှူးငှက်ပျောစိုက်ပျိုးသည့် တရုတ်ကုမ္ပဏီများနှင့်ဒေသခံကုမ္ပဏီများကို ခေါ်ယူစစ်ဆေးသွားမည်

ကချင်ပြည်နယ်ရှိ တစ်သျှူးငှက်ပျောစိုက်ပျိုးသည့် တရုတ်ကုမ္ပဏီများနှင့် ဒေသခံကုမ္ပဏီများကို ပြည်နယ်အဆင့် ဌာနဆိုင်ရာအားလုံးပါဝင်သည့် ကော်မတီတစ်ရပ်ဖွဲ့စည်း၍ ခေါ်ယူစစ်ဆေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်ကပြောကြားသည်။ တရုတ်ကုမ္ပဏီနဲ့ဒေသခံကုမ္ပဏီတွေကို ခေါ်ပြီးတော့ တရားဝင်ဆောင်ရွက်ဖို့လုပ်မှာပါ။ ဒါမှ ကျွန်တော်တို့နိုင်ငံလည်း အခွန်အခရမယ်။ တချို့စိုက်တဲ့နေရာတွေက ပြည်သူ့စစ်ဘာညာနဲ့ လုံခြုံရေးမရှိလို့ မသွားနိုင်တဲ့နေရာတွေမှာ စိုက်ထားတာမျိုးရှိတဲ့အတွက် နည်းနည်း အခက်အခဲရှိတယ်ဟု ဝန်ကြီးချုပ်ကပြောသည်။

ကုမ္ပဏီများကို စစ်ဆေးပြီးလျှင် ပတ်ဝန်းကျင်ထိခိုက်မှုရှိ၊ မရှိအပေါ်မူတည်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုမရှိနိုင်သည့် ကုမ္ပဏီများကို စည်းကမ်းချက်များချမှတ်၍ တရားဝင်ဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ သို့သော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့်ညွှန်ကြားချက်များကို လိုက်နာမှုမရှိကြောင်း တွေ့ရှိပါက ကုမ္ပဏီ များကို အရေးယူ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်းသိရသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပိုင်း၊ နယ်စပ်ထွက်ပေါက်များမှတစ်ဆင့် ပိတ်ဆို့စစ်ဆေးခြင်း၊ မြေယာပြဿနာများ ကိုင်တွယ်ဖြေရှင်းခြင်းစသော လုပ်ထုံးလုပ်နည်းများဖြင့် ကုမ္ပဏီများကို စစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။ တစ်သျှူးငှက်ပျောကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း စည်းကမ်းများ လအနည်းငယ်အတွင်း ထွက်ရှိလာမည်ဖြစ်ကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ထံမှသိရသည်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျော စိုက်ပျိုးမှုများမှာ တပ်မတော်အစိုးရလက်ထက်ကတည်းက ရှိနေခြင်းဖြစ်ပြီး လက်ရှိအစိုးရစတင်တာဝန်ယူသည့် ၂၀၁၆ ခုနှစ်၌ တစ်သျှူးငှက်ပျော စိုက်ခင်းများ ရှိနေပြီဖြစ်ကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ်ကပြောသည်။ ၎င်းစိုက်ခင်းများကို တရားမဝင်မှန်းသိရှိသော်လည်း ခွင့်မပြုတော့ဟု ဆိုကာ ပိတ်သိမ်းလိုက်ပါက နောက်ဆက်တွဲလူမှုရေးပြဿနာများ ရှုပ်ထွေးလာမည်ဖြစ်ပြီး၂၀၁၆ ခုနှစ်ခန့်မှစ၍ အဆိုပါ လုပ်ငန်းခွင်၌ နေ့စား၊ လခစား လုပ်ကိုင်နေသည့် ဒေသခံနှစ်သိန်းခန့်မှာ အလုပ်လက်မဲ့ဖြစ်ပြီး စားဝတ်နေရေး ခက်ခဲသွားမည်ဖြစ်သောကြောင့် ကုမ္ပဏီများကို တရားဝင်နည်းဖြင့် စည်းကမ်းကြပ်မတ် လုပ်ဆောင်နိုင်ရန် ကြိုးပမ်း နေခြင်းဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ထံမှသိရသည်။ ဒါကိုပိတ်လို့တော့မဖြစ်ဘူး။ တရား ဥပဒေ လမ်းကြောင်းအတိုင်း ဖော်ဆောင်ရမယ်လို့ ဆုံးဖြတ်ပြီးတော့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အခုလည်း ထပ်စိုက်ပါလို့ ခွင့်ပြုသလားဆိုရင် ကျွန်တော်တို့ခွင့်မပြုဘူးဟု ဝန်ကြီးချုပ်ကထပ်လောင်းပြောသည်။

အလားတူ ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ၂၀၁၆ခုနှစ်ခန့်က ကောက် ယူခဲ့သည့် စာရင်းများအရ စိုက်ဧက ၆၃၆၆၈ ဧကရှိသော်လည်း လက်ရှိအခြေအနေတွင် စိုက်ဧက မည်မျှရှိသည်ကို မသိရှိသည့် အတွက် စာရင်းသစ်ကောက်ယူနိုင်ရန် ကြိုးစားနေကြောင်း ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းကပြောသည်။ တစ်သျှူးငှက်ပျောစိုက်တဲ့ဒေသတွေက ကျွန်တော်တို့လက်လှမ်းမမီနိုင်တဲ့ဒေသမှာ အများကြီးစိုက်ပျိုးထားတာရှိတယ်။ ဒီနေရာမျိုးတွေမှာ ဝန်ထမ်းတွေသွားပြီးတော့ စာရင်းကောက်ယူလို့ မရတဲ့နေရာ တွေဖြစ်တယ်။ အဲ့ဒါကြောင့် ဒီနေရာတွေသွားလာနိုင်ပြီ၊ လုံခြုံရေးအရ ဆောင်ရွက်မှုရှိပြီဆိုရင် တစ်သျှူးငှက်ပျော စိုက်ဧက စာရင်းအမှန်အကန် ရရှိနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ အခုလည်း ကျွန်တော်တို့ ရနိုင်တဲ့ နည်းလမ်းနဲ့တော့ ကြိုးစားနေပါတယ်။ အခုတစ်သျှူးငှက်ပျောစိုက်တဲ့ ကုမ္ပဏီ လုပ်ငန်းရှင်တွေကို ခေါ်ယူပြီးတော့ တစ်ဦးချင်းစီရဲ့ စိုက်ဧကတွေကို မေးမြန်းသွားမှာဖြစ်ပါတယ်ဟု ဝန်ကြီးကပြောသည်။ ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျော စိုက်ပျိုး နေသည့် ဒေသများမှာ ဗန်းမော်၊ ပိုင်းမော်၊ မိုးမောက်၊ ဒွေဖုန်းယန်မြို့နယ်တို့တွင် အများအပြားစိုက်ပျိုးထားပြီး စိုက်ဧက အတိအကျကို အစိုးရကတိုင်းတာထားခြင်းမရှိသော်လည်း ဒေသခံများပြောကြားချက်အရ ဧကသိန်းချီနေပြီဖြစ် ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇွန်လအတွင်းက ပိုင်းမော်မြို့နယ်ရှိ သစ်တောဦးစီးဌာနပိုင် ဧရိယာတွင် တရားမဝင်စိုက်ပျိုးထားသော တစ်သျှူးငှက်ပျောစိုက်ခင်း ဧက ၅၀၀၀ ကျော်ကို သစ်တောဦးစီးဌာနက ယာဉ်ယန္တရားများဖြင့် ဖျက်ဆီးခဲ့ရဖူးသည်။ ထို့ပြင် တစ်သျှူးငှက်ပျော စိုက်ခင်းများတွင်အသုံးပြုသည့် ပိုးသတ်ဆေးများ ကိုင်တွယ်သည့် ဒေသခံအလုပ်သမား လေးဦးမှာ မူးဝေဖောရောင်လာခြင်းကြောင့် ပိုင်းမော်မြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးကုသရန် ဇူလိုင်လ ၁ ရက်က တင်ပို့ခဲ့ရသည်။

**Source:** www.thefarmermedia.com

## မှိုမွေးရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲ



မှိုစိုက်ပျိုးသူတွေများလာပြီး၊ သဘာဝပေါက်မှိုတွေက မိုးရာသီ မြေကြီးမှထွက်ပေါ်လာတတ်ပေမယ့် မစားသင့်တဲ့မှို (အဆိပ်မှို) တွေလည်းရှိတာမို့ မသိတဲ့မှို၊ မစားဖူးတဲ့မှိုဆိုရင် မစားတာ ကောင်းပါတယ်။ မိုးဦးကျရာသီ မစားကောင်းတဲ့ အဆိပ်မှိုတွေ စားမိလို့သေဆုံးမှုသတင်းတွေဟာ နှစ်စဉ်ကြုံတွေ့နေကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် အထုပ်နဲ့မွေးတဲ့မှို (ငွေနှင်းမှိုနဲ့ ကြွက်နားရွက်မှို)၊ ဇလားနဲ့ဖြစ်စေ၊ အပေါက်ပါခြင်း တောင်းနဲ့ ဖြစ်စေ မွေးတဲ့မှို (ကောက်ရိုးမှို) ကို မွေးတဲ့သူပိုများပါတယ်။ ကောက်ရိုးရှားပါးတာ၊ ဝယ်ဈေးကြီးမြင့်လာပေမယ့် ပွားစာအဖြစ် ဂျုပ်၊ စက္ကူ၊ ဖေဒါ၊ နှမ်းရိုး၊ ငှက်ပျောအူ တွေနဲ့လည်းမွေးပြီး ကောက်ရိုးမှိုမျိုးစေ့ရယ်၊ ဖြည့်စွက်စာအဖြစ် နွားချေးခြောက်၊ မြင်း၊ ကျွဲချေးခြောက်တွေထည့်၊ ပွားစာကလည်း ကိုယ့်ပတ်ဝန်းကျင်မှာ ပေါပေါများများရနိုင်တဲ့ ကုန်ကြမ်းတွေဖြစ်တော့ မွေးရတာ အခက်အခဲမရှိပါ။ စတင်မွေးပြီး ၁၀ ရက်၊ ၁၂ ရက်နဲ့ မှိုအငုံစပြီးရတာဆိုတော့ တစ်ပိုင်တစ်နိုင်မွေးလည်း ဟန်ကျတယ်။ စီးပွားဖြစ် မွေးလည်း ဝင်ငွေကောင်းရတယ်။ ဒါပေမယ့် မှိုမွေးတဲ့သူတွေမှာ အတွေ့အကြုံမရခင် စတင်ပြီးမွေးမြူတဲ့သူတွေမှာ အခက်အခဲတချို့ ရှိပါတယ်။ ဒါတွေက မှိုမထွက်ဘူး၊ မှိုမျိုးတွေက မှိုမှျင်မဆင်းဘူး၊ မှိုလုံးလေးထွက်လာပေမယ့် မှိုဆက်လက်မကြီးဘူး၊မှိုတွေပုပ်လာတယ်၊ အနံ့အသက်မကောင်းဘူးဆိုတဲ့မေးမြန်းမှုတွေ ကြားလာရတယ်။ ကြုံတွေ့မှုတွေများလာကြတယ်။

မှိုမွေးရာမှာ ကုန်ကြမ်း၊ ဖြည့်စွက်စာ၊ ရေ၊ထည့်တဲ့မျိုး၊ လုပ်နည်းကိုင်နည်းတွေ ကောင်းရင် အခုဖော်ပြတဲ့ ကောက်ရိုးမှိုဟာထွက်လာတာပါပဲ။ ထည့်တဲ့ပစ္စည်းကလည်း ကောင်းရမယ်။ မွေးတဲ့ရာသီကာလ (နွေ၊ မိုး၊ ဆောင်း) လည်း ကြည့်ရမယ်။ ရေကလည်း သန့်ရမယ်။ မြေကလည်း စိမ့်ဆွဲ၊ ဆပ်ပြာဆားပေါက်မြေ မဖြစ်ရ၊ ကုန်ကုန်ပြောရရင် မွေးမှိုက သန့်မှကြိုက်တာ။ အိမ်သာဖြစ်စေ၊ အနံ့အသက်မကောင်းတဲ့ နေရာဖြစ်စေ မှိုက အဲ့ဒီအနံ့အသက်ကို စုပ်ယူနိုင်တယ်။ ဒီတော့ မိုးရာသီမှာဆိုရင် မိုးများ၊ ရေဝပ်တာ၊ မှိုမွေးပုံကို ဖုံးအုပ်ထားတဲ့ ပလတ်စတစ်စအကြည့်ဖွင့်တာ၊ ဖုံးတာတွေဟာလည်း အရေးကြီးတာပဲဖြစ်ပါတယ်။

မှိုစတင်မွေးပြီး လေးရက်၊ ငါးရက် မှိုအပုံကို ပလတ်စတစ်ဖုံးထားပြီး ခြောက်ရက်၊ ခုနစ်ရက်မှာ မနက်နဲ့ ညနေ ၁၅ မိနစ်လောက်ဖွင့်ပြီး ချွေးခါ၊ မှိုပုံကို ပြင်ပလေထိအောင်ထား၊ပြီးရင် ပြန်ဖုံးဆိုတဲ့ ပလတ်စတစ်ဖုံး ခွာမှုကလည်း မှိုပုံကို ပူအိုက်စွတ်စိုမှု ဖြစ်စေတယ်။ ဖျန်းတဲ့ရေကလည်း စိုစွတ်မှုပေးတယ်။ မှိုမျိုးကလည်း အားကောင်းတယ်ဆိုရင် မှိုပုံက မှိုထွက်လာတာပါ။ဒါပေမယ့် ကောက်ရိုးကမလတ်ဘဲ နှစ်ချို့ဆွေးနေမယ်၊ မှိုမွေးတဲ့နေရာမှာလုံလောက်တဲ့ အပူချိန်ကလည်းမရ၊ မျိုးမကောင်းရင် မှိုမှျင်မဆင်းပါ။ တချို့ မှိုမှျင်ဆင်းပါပြီတဲ့၊ ဖြည့်စွက်စာအာဟာရက နည်းပါးမယ်၊အစိုဓာတ်လိုတာထက် များမယ်၊ အပူချိန်မြင့်မယ်၊ အလင်းရောင်ရတာ နည်းမယ်ဆိုရင် မှိုမျိုးကနေ သန္ဓေခဲမတည်တော့ဘူး။ မှိုသန္ဓေခဲတည်ပါပြီတဲ့၊ ဆက်မကြီးတာက ရေများမယ်၊ လေဝင်လေထွက် နည်းမယ်၊ မျိုးညံ့မယ်ဆိုရင် ဖြစ်ပြီ၊ မှိုမျိုးထည့်ပြီး ငါးရက်ကြာရင် အဖြူရောင်မှိုမှျင်ထွက်မယ်၊ ပလတ်စတစ်ကလည်း မခွာဘဲ ဖုံးအုပ်ထားတော့ မှိုပုံက ပူအိုက်စိုထိုင်းနေပါတယ်။ မှိုမှျင်ထွက်တာပေါ့။ ခြောက်ရက်က ရှစ်ရက်အတွင်းမှာ တစ်နေ့နှစ်ကြိမ်ခန့် ပလတ်စတစ်ဖွင့်ပေး၊ ပိတ်ပေး ဂရုစိုက်လုပ်ရင် မှိုသန္ဓေ စထွက်နိုင်ပြီ။အလင်းရောင်လည်း လိုလာပြီ။ ကိုးရက်၊ ၁၀ ရက်ဆိုရင် မှိုသန္ဓေခဲဖြူဖြူဖွေးဖွေး သေးသေးငယ်ငယ်အရွယ်ကနေ မှိုဥဖြစ်လာပါတယ်။ သန္ဓေခဲဖြစ်ချိန်၊

မို့ဥဖြစ်ချိန်မှာ အာဟာရဖြည့်ပေးရတယ်။ မို့တွေရိုးပုပ်တာက ပူလွန်းရင် ဖြစ်တယ်၊ စိုစွတ်လွန်းရင် ဖြစ်တယ်။ ပလတ်စတစ်ဖုံးကာတာ မဖွင့်ရင် ချွေးပြန်ပြီး ချွေးထိရင်ဖြစ်တယ်။ မို့အနံ့မကောင်းတာက ရေများတာ၊ မို့မွေးတဲ့နေရာဘေးပတ်ဝန်းကျင် မသန့်ရှင်းတာ၊ မွေးတဲ့အပုံကို ရက်ကြာကြာ တစ်လလောက်ထားတာ၊ နေရာမရွှေ့ပြောင်းဘဲ တစ်နေရာတည်းမှာ ထပ်ကာထပ်ကာ မွေးတာ၊ မို့ပွင့်ခူးတဲ့အခါ အခြေပိုင်းပြတ်ပြီး ကျန်ခဲ့တာတွေကြောင့် ဖြစ်တတ်ပါတယ်။ ဒီတော့ လေဝင်လေထွက်၊ အလင်းရောင်၊ စိုစွတ်မှု၊ အပူချိန်၊ မျိုးစတာတွေကြောင့် မို့မထွက်တာတွေ၊ မို့ဥစောစောထွက်တာတွေ၊ ထွက်လာတဲ့မို့ အလေးချိန်မစီးတာတွေ ဖြစ်ကြရပြန်ပါတယ်။

အခုဖော်ပြချက်တွေဟာ ကောက်ရိုးမို့မွေးတဲ့ နည်းလမ်းအပြည့်အစုံ အသေးစိတ်မဟုတ်ပါ။ မို့မွေးရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကိုသာ ဖော်ပြနေခြင်းဖြစ်ပါတယ်။ အခုဆို ကောက်ရိုးအစား ဂျပ်တို့၊ စက္ကူတို့နဲ့ သုံးလက်မ၊ လေးလက်မအရွယ် ဆုတ်ဖြဲစဉ်းဖြတ်ပြီးမွေးနေပြီ။ ဒီမှာလည်း ကောက်ရိုးနည်းနည်းထပ်ပြီး ဖြည့်စွက်စာထည့်ရင် ပိုကောင်းပါတယ်။ ဂျပ်ဆိုရင်လည်း ဂျပ်အပေါ်လွှာနဲ့ အောက်လွှာကြားမှာ လိုင်းတွန့်ပါတဲ့ ဂျပ်အမျိုးအစားက ပိုကောင်းပါတယ်။ ကောက်ရိုးဆိုရင်လည်းနွားစာကျွေးရသေးတော့ လယ်ထဲ စပါးရိတ်ပြီး ကျန်တဲ့ရိုးပြတ်ငုတ်တို့ကိုလည်း မွေးနိုင်ပါတယ်။ နွေ၊ မိုး၊ ဆောင်း တစ်နှစ်လုံးမွေးနိုင်ပေမယ့် မိုးရာသီကတော့ မိုးများဒေသမှာ ပိုဂရုပြုရမယ်မှာ ဖြစ်ပါတယ်။

**Source:** www.thefarmermedia.com

## ဆန်စပါးမျိုးစေ့ကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် Welthungerhilfe-WHH အဖွဲ့တို့သည် ဆန်စပါးမျိုးစေ့ကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ယခုလ ၁၅ ရက်က တွေ့ဆုံဆွေးနွေးခဲ့ သည်။ အဆိုပါတွေ့ဆုံမှုတွင် ဆန်စပါးမျိုးစေ့စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းစသော ကဏ္ဍအားလုံးပါဝင်သက်ဆိုင်သည့် Website တစ်ခုတည်ထောင်ရေး၊ ဆန်စပါးဆိုင်ရာ ကဏ္ဍစုံအသီးသီးက တာဝန်ရှိသူများပါဝင်သည့် Stakeholder Workshop, Forum, Event စသည့် အခမ်းအနားများ စဉ်ဆက်မပြတ်ကျင်းပပြုလုပ်ရေးကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/125721.html

## ယူနန်အစိုးရ ခွင့်ပြုချက်ဖြင့် တရုတ်သို့ တရားဝင် သကြားအိတ် ၂၄ သိန်း တင်ပို့ရန်စီစဉ်နေ



ယူနန်ပြည်နယ်အစိုးရ ခွင့်ပြုချက်ဖြင့် နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သကြားအိတ် ၂၄ သိန်း တင်ပို့ရန်စီစဉ် နေကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့က ပြောသည်။ ယူနန် အစိုးရက သကြားတင် သွင်းခွင့်ပြုထားသည့်ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး တရားဝင် ရောင်းချမည့် အစီအစဉ်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ မူဆယ်မြို့တွင် သကြားအိတ် သိန်း ၃၀ ခန့်ပိတ်မိနေချိန် ယခုအစီအစဉ်က ထွက်ပေါက်တစ်ခုဖြစ်ကြောင်း ဆန်နှင့်သကြားကုန်သည် ဦးမင်းသိန်းကပြောသည်။

မြန်မာနိုင်ငံမှ သကြားကို တရားဝင်တင်ပို့ခွင့်ရပါက ဆန် ဈေးနှိမ်ဝယ်ယူခြင်းကဲ့သို့ ဖြစ်လာနိုင်စရာမရှိကြောင်း မူဆယ်မှ ကုန်သည်အချို့ကပြောသည်။ ယူနန်အစိုးရက တရားဝင် ဆန်တင်သွင်းမှုတွင် အခွန် ၅၀ ရာခိုင်နှုန်းကျော် ကောက်ခံသော်လည်း သကြားကိုမူ ရောင်းချသည့် ဈေး၏ ၁၂ ရာခိုင်နှုန်းသာ အခွန်ကောက်ခံလေသည်။ မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ သကြားတင်ပို့ရာတွင် ယခင်က မြန်မာအစိုးရအနေဖြင့် တရားဝင်ပို့ကုန်လိုင်စင် ချထားပေးသော်လည်း တရုတ်ကုန်သည်များက တရားမဝင်သာဝယ်ယူလေ့ရှိသည်။ ထို့ကြောင့် နယ်စပ်တွင် တရားမဝင်ကုန်သွယ်မှုတားဆီးရေးဆောင်ရွက်ချိန် မြန်မာနိုင်ငံမှ သကြားတင်ပို့နိုင်ခြင်းမရှိ၍ အခက်တွေ့နေသည်။ ယခင်က တရုတ်နိုင်ငံသို့ တစ်ရက်လျှင် သကြားအိတ်ရေ ၇၀၀၀၀ မှ ၈၀၀၀၀ အကြားတင်ပို့နေပြီး သကြားသည် မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များတွင်ပါဝင်သည်။

**Source:** http://www.7daydaily.com/story/161410

## မြန်မာ့သဘာဝ သနပ်ခါးအမှုန့်များကို ထိုင်းနိုင်ငံမှ Spa လုပ်ငန်းရှင်များ ဝယ်ယူလာဟုဆို

မြန်မာ့သဘာဝသနပ်ခါးအ မှုန့်များကို ထိုင်းနိုင်ငံမှ Spa လုပ်ငန်းရှင်များက ဝယ်ယူကြောင်း မြန်မာနိုင်ငံသနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးကျော်မိုးကပြောသည်။ပြီးခဲ့သည့် ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသော သဘာဝထုတ်ကုန်များ ကုန်စည်ပြပွဲတွင် အဆိုပါအသင်းမှ သဘာဝသနပ်ခါးထုတ်ကုန်များ ပါဝင်ပြသခဲ့ရာ ထိုင်းနိုင်ငံရှိ Spa လုပ်ငန်းရှင်များက သနပ်ခါးအမှုန့်ဝယ်ယူမှု များပြားခဲ့သည်။

ထိုင်းနိုင်ငံက Spa လုပ်ငန်း တွေက စိတ်ဝင်စားမှုပိုများပြီး သနပ်ခါးအမှုန့်နမူနာပစ္စည်းတွေ ဝယ်ယူလိုက်တယ်။ ဈေးကွက်နဲ့ချိတ်ဆက်မယ့်လမ်းစတော့ရခဲ့တယ်။ ထိုင်းနိုင်ငံရဲ့ Spa ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ကမ္ဘာလှည့် ခရီးသွားတွေကို သဘာဝသနပ်ခါးအမှုန့်နဲ့ Spa လုပ်တာတွေလည်းရှိလာတယ်ဟု ဦးကျော်မိုးကပြောသည်။ ထိုင်းနိုင်ငံကဲ့သို့ ပြည်တွင်းရှိဟိုတယ်များနှင့် အလှပြုပြင်ဆိုင်များရှိ Spa လုပ်ငန်းများတွင်လည်း သဘာဝ သနပ်ခါး အသုံးပြု၍ Spa ပြုလုပ်နိုင်ရေး သင်တန်းပို့ချရန်စီစဉ်ထားကြောင်း ဦးကျော်မိုးကပြောသည်။ မြန်မာနိုင်ငံ သနပ်ခါး အသင်းသည် ထိုင်းနိုင်ငံရှိ သဘာဝထုတ်ကုန်များ ကုန်စည်ပြပွဲတွင် သဘာဝသနပ်ခါးအမှုန့် ထုတ်ကုန်များကို ပထမ အကြိမ်ပြသခြင်းဖြစ်ကြောင်း ဦးကျော်မိုးကပြောသည်။

**Source:** http://www.7daydaily.com/story/161402

## တောင်သူများ စိုက်ပျိုးရေးလုပ်ငန်း အရှုံးနှင့်ရင်ဆိုင်ရသဖြင့် ဆိတ်မွေးမြူရေး ပြောင်းလဲလုပ်ကိုင်လာ

မိုးခေါင်ရေရှားရပ်ဝန်း၌ပါဝင်သော မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းဘူးစကုမြို့နယ် က ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်း အရှုံးနှင့်ရင်ဆိုင်ရသဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် ပြောင်းလဲလုပ်ကိုင်လာကြောင်းသိရသည်။ မင်းဘူးစကုမြို့နယ် ရွာသာ၊ ကြာကန်၊ အောက်ကျောင်း၊ လက်ပံတစ်ပင်၊ နန်းဦး၊ လက်ပံတောနှင့် ပေါက်ကုန်းကျေးရွာများက တောင်သူများ လယ်ယာလုပ်ကိုင်ခြင်းထက် ဆိတ်မွေးမြူရေး လုပ်ငန်း ပိုမိုအဆင်ပြေကြောင်းသိရသည်။ စိုက်ပျိုးရေးလုပ်တာက မိုးမျှော်နေရသေးတယ်။ မိုးများလို့ မိုးနည်းလို့နဲ့ စိုက်ပျိုးရေးက အရင်းအနှီးများပြီးရှုံးတယ်။ ဆိတ်မွေးမြူရေးလုပ်ငန်းက အကောင်ရေများများမွေးပြီး ရာသီပေါ် ကူးစက်ရောဂါတွေမဖြစ်အောင် ဂရုစိုက်နိုင်ရင် အမြတ်အစွန်းအတော်ကျန်တယ်ဟု မင်းဘူးမြို့နယ်၊ ရွာသာရွာမှ ကိုမျိုးကပြောသည်။

ဆိတ်အမ (မတမ်း) တစ်ကောင်လျှင် ကျပ် ၇၀၀၀၀ မှ ကျပ်တစ်သိန်းထိရှိပြီး ဆိတ်ထီးတစ်ကောင်လျှင် ကျပ်တစ်သိန်းခွဲအထိ ရရှိကြောင်း သိရသည်။ ဆိတ်ဈေးနှုန်းမှာ အမှန်မရှိသော်လည်းတရုတ်နိုင်ငံသို့ ပို့သော ကုန်သည်များ တိုက်ရိုက်လာ ဝယ်ပါက ဈေးကောင်းရကြောင်း သိရသည်။ ဆိတ်အမျိုးအစား ရှစ်မျိုးရှိသည့်အနက် ရေမြေဥတုသဘာဝနှင့် ကိုက်ညီ၍ အပူဒဏ်ခံနိုင်သော ထိန်စန်းဆိတ်အမျိုးအစားကို အဓိကမွေးမြူလေ့ရှိကြသည်။ ၎င်းဆိတ်မျိုးများသည် ဦးခေါင်းမည်း၍ ခန္ဓာကိုယ်အဖြူရောင်ရှိကာ ရှစ်လအရွယ် ဆိတ်အမ (မတမ်း) များသည် ရက် ပေါင်း ၁၅၀ ကိုယ်ဝန်ဆောင်၍ တစ်နှစ်လျှင် နှစ်ကြိမ်သားပေါက်လေ့ရှိပြီး နှစ်ကောင်မှ သုံးကောင်၊ လေးကောင်အထိ မွေးနှုန်းကောင်းကြောင်း၊ ရေမြေလိုက်၍ ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်သည်အထိ ကိုယ်ခံအားကောင်းကြောင်း သိရသည်။

ရာသီပြောင်းလဲကာလတွင် ဆိတ်လည်လိမ်ရောဂါ မဖြစ်စေရန် ကာကွယ်ဆေးကို ဆိတ်တစ်ကောင် ကျပ် ၃၀၀ ပေးထိုးရပြီး ဆိတ်တစ်ကောင်နှင့် တစ်ကောင်ပျော့၍ကျိုးပါက ကျပ် ၅၀၀၀ ပေး၍ကုသရသည်ဟု ကိုမျိုးက ပြောသည်။ ဆိတ်မွေးမြူခြင်းသည် စရိတ်ကုန်ကျမှု နည်းပါးသော မြက်နှင့်သဘာဝသစ်ရွက်များကျွေးနိုင်သည်။ အချို့ဆိတ်မွေးမြူသူများကလည်း တစ်ခါစိုက်လျှင် ရှစ်နှစ်အထိ ရိတ်သိမ်းနိုင်သော နေဗီယာမြက်ကိုစိုက်၍ ကျွေးကြောင်း၊ ၎င်းမြက်များသည် ခန္ဓာကိုယ်ကြီးထွားနှုန်း ပိုမိုကောင်းမွန်ကြောင်းသိရသည်။ သို့သော် မြက်စိုက် ထားရန် နေရာအခက်အခဲနှင့် စိုက်ပျိုးစရိတ်ကုန်ကျမှုလည်းရှိသောကြောင့် လယ်ယာနံဘေးတို့တွင် လွှတ်ကျောင်း စနစ်ဖြင့် မွေးမြူသူသာများကြောင်း မင်းဘူး (စကု) မြို့နယ်၊ လက်ပံတပင်ကျေးရွာမှ ဆိတ်မွေးမြူသူ တစ်ဦးက ပြောသည်။ ကျွဲ၊ နွား၊ ဆိတ်၊ သိုးမွေးမြူသူများ အကျိုးအမြတ်များရရှိ၍ တိရစ္ဆာန်မွေးမြူသူများပြားလာစေရန် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနကလည်း တိရိစ္ဆာန်ဖြန့်ဖြူးသည့်အခါ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာနည်းပညာများ

စနစ်တကျပေး၍ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများ အကျိုးခံစားခွင့်များရရှိကာ မွေးမြူရေး လုပ်ငန်းများပြားလာအောင် ဆောင်ရွက်ပေးနေကြောင်းသိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## တရုတ်ဝယ်လိုအားကြောင့် မြေပဲဆန်အနီဈေးအမြင့်ဆုံးသို့ရောက်



မန္တလေးကုန်စည်ဒိုင်တွင် ယခုရက်ပိုင်းအတွင်း မြေပဲဆန်အနီ ဈေးနှုန်းမှာ စံချိန်တင်အမြင့်ဆုံးဈေးသို့ရောက်ရှိခဲ့ကြောင်း ပဲ၊ နှမ်း ကုန်သည်များထံမှသိရသည်။ ယမန်နှစ်ကာလတူအချိန်တွင် မြေပဲဆန် အနီလုံးဆန်တစ်ပိဿာ၏ ဈေးနှုန်းသည် ၃၀၀၀ ကျပ်သာရှိခဲ့သော် လည်း ယခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် မြေပဲအနီလုံးဆန်၏ အမြင့်ဆုံး ဈေးနှုန်းသည် ၃၉၅၀ ကျပ် ဈေးသို့ရောက်ရှိခဲ့ကြောင်း မန္တလေး ကုန်စည်ဒိုင်၏ သီးနှံဈေးနှုန်းထုတ်ပြန်ချက်တွင် ဖော်ပြ ထားသည်။

မြေပဲဆန်သည် တရုတ်၏ ကောင်းမွန်သောဝယ်လိုအားကြောင့် ဈေးကွက်တွင် ဆီထွက်သီးနှံများဈေးကောင်းရနေပြီး ယခုနှစ်တွင် မြေပဲဆန်အထွက်နှုန်းလျော့ကျနိုင်သောကြောင့် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က သုံးသပ်ပြောကြားသည်။ မြစ်ရေတက် သဖြင့် ကျွန်းများတွင် စိုက်စရာမရှိသကဲ့သို့ အညာဒေသများတွင်လည်း ရာသီဥတုကြောင့် ပဲပင်များ အထွက် နည်းနိုင်သောကြောင့် မြေပဲဆန်ဈေးနှုန်းများ မြင့်တက်လာရခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။ တရုတ်က ဝယ်အားသန်နေတယ်။ ဈေးကွက်အတွင်း မြေပဲဆန်သည် လက်ကျန်နည်းနေတယ်။ ဈေးက ဆက်တက်ဖို့ အလားအလာများတယ်လို့၎င်းကဆိုသည်။ အညာဒေသမှ အသစ်ထွက်ရှိသောမည့် ခြောက်လပဲ (မြေပဲပင်) များမှာလည်း ရာသီဥတုဖျက်ဆီးမှုကြောင့် အထွက်နှုန်းနည်းနိုင်ကြောင်း ကုန်သည်အချို့ထံမှသိရသည်။

မန္တလေးကုန်စည်ဒိုင်၏ ဇူလိုင်လ ၁၇ ရက် ထုတ်ပြန်ချက်များအရ အခြားမြေပဲဆန်အမျိုးအစားများ၏ တစ်ပိဿာ လျှင် အမြင့်ဆုံးရရှိသော ဈေးနှုန်းများမှာ S1 လုံးဆန်(သစ်) ၃၇၀၀ ကျပ်၊ အနီလုံး ဆန် (ရှမ်း) ၃၅၀၀ ကျပ်၊ M တွဲလုံးဆန် ၃၆၀၀၊ ရှမ်းဆီဆန် ၂၈၀၀ ကျပ်နှင့် အနီရွေးဆန် ၃၇၀၀ ကျပ်ရှိကြောင်းသိရသည်။

**Source: The Voice**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2168-peanut-red.html

## ဒေါ်လာတန်ဖိုး ပြန်လည်ကျဆင်း



ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး နှစ်ပတ်အတွင်း ဒုတိယ အကြိမ် ပြန်လည်ကျဆင်းပြီး ဇူလိုင် ၁၇ ရက် ၌ တစ်ဒေါ်လာလျှင် ၁၅၁၀ ကျပ် ပေါက်ဈေးရှိသည်။ သွင်းကုန်အတွက် ပြည်ပသို့ငွေလွှဲပေးပို့မှုလျော့နည်းခြင်း နှင့် ကမ္ဘာ့ရွှေဈေးမြင့်တက်ခြင်းကြောင့် ဒေါ်လာတန်ဖိုးအားပျော့ခြင်းဟု စီးပွားရေး လုပ်ငန်းရှင်အချို့က သုံးသပ်သည်။

ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းသည် ဇူလိုင် ၁၇ ရက်တွင် တစ်ဒေါ်လာ ၁၅၁၄ ကျပ်သတ်မှတ်သည်။ စက်သုံးဆီ အလုံအလောက် မသိုလှောင် နိုင်သော မြန်မာနိုင်ငံအတွက် ဒေါ်လာတန်ဖိုးကျဆင်းပြီး ကျပ်ငွေတန်ဖိုးမြင့်တက်ခြင်းက အခွင့်အလမ်းကောင်း တစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌတစ်ဦးက ပြောသည်။ ကျပ်ငွေတန်ဖိုး အနည်းငယ်တက်လာသောကြောင့် စားအုန်းဆီအပါအဝင် သွင်းကုန်များ၏ ဈေးမြင့်တက်ခြင်းကိုထိန်းနိုင်ကြောင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနေသည့် ကုမ္ပဏီတစ်ခု၏ အကြီးတန်းအရာရှိ တစ်ဦးကပြောသည်။ ဇူလိုင်ပထမပတ်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ အောက်ကျဆင်းပြီးနောက် ကျပ် ၁၅၂၅ ခန့်သို့ ပြန်လည်မြင့်တက်ခဲ့သည်။ သို့သော် ဇူလိုင်ဒုတိယပတ်တွင် တစ်ဒေါ်လာလျှင် ၁၅ ကျပ်ခန့် ဈေးပြန်ကျလာသည်။

**Source:** http://www.7daydaily.com/story/161413

## ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုဝင်မလာခြင်းမှာ အခွန်ကောက်ခံမှုများခြင်းကြောင့်ဟုဆို

ရေနံနှင့် သဘာဝဓာတ်ငွေ့အပေါ် အစိုးရ၏ အခွန်ကောက်ခံမှုများနေခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မလာခြင်းဖြစ်နေကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။ အစိုးရက ကောက်ခံသော အခွန်နှုန်းထားမတည်ငြိမ်မှုကြောင့် ပြည်တွင်း၌ရင်းနှီးမြှုပ်နှံထားသောကုမ္ပဏီအချို့ပင် အခြားနိုင်ငံများသို့ပြောင်းရွှေ့ရန် အစပြုနေသည်ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကဏ္ဍမှာ ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၀ သန်းကျော်သာ ဝင်ရောက်ထားသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုံးဝမရှိခဲ့ပေ။

တည်ငြိမ်တဲ့အခွန်၊ မျှတတဲ့အခွန်၊ ရင်းနှီးမြှုပ်နှံသူတွေ လာလို့ရအောင် ဦးစားပေးစနစ်တွေ ရှိရမယ်။ အရင်က ခွန်ကင်းလွတ်ခွင့် ငါးနှစ်ပေးမယ်၊ သုံးနှစ်ပေးမယ်ရှိခဲ့တယ်။ အခုမရှိဘူး။ တခြားအခွန်သစ်တွေ ထပ်ရောက် လာတယ်ဟု ၎င်းကဆက်လက်ပြောသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့အပေါ် အထူးကုန်စည်ခွန် ၈ ရာခိုင်နှုန်း၊ ဝင်ငွေခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံနေပြီး အခွန်လျှော့ချမှုသာပြုလုပ်နေကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ ဦးမင်းထွန်းက ပြောသည်။ အရင်က ရေနံနဲ့ သဘာဝဓာတ်ငွေ့အပေါ် ဝင်ငွေခွန် ၃၅ ရာခိုင်နှုန်းကောက်နေတာ။ အခု ၂၅ ရာခိုင်နှုန်းပဲ ကောက်တော့တယ်။ ကျန်တာတွေ ဘာအပြောင်းအလဲမှမရှိပါဘူးဟု ၎င်းက ပြောသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားသည့် ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှာရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၂ဒသမ ၄၂ ဘီလီယံ ဖြင့် ပထမနေရာတွင်ရှိနေသည်။ ၁၉၈၈-၈၉ မှ ၂၀၁၀- ၂၀၁၁ အထိ အဆိုပါကဏ္ဍသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၃ ဘီလီယံကျော် ဝင်ရောက်ထားသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍသို့ ပြည်ပကုမ္ပဏီများမှ လာရောက် ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၄၇ ဒသမ ၆၉၇ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၀၉ ဒသမ ၂ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃,၂၂၀ ဒသမ ၃၀၆ သန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄,၈၁၇ ဒသမ ၇၉၀ သန်းရှိခဲ့သည်။

**Source:** http://www.7daydaily.com/story/161409

## မြန်မာ့ကော်ဖီ ပြည်ပတင်ပို့မှု အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်အထိ ရှိလာဟုဆို




တောင်တန်းဒေသများတွင် အဓိကစိုက်ပျိုးထုတ်လုပ်သော မြန်မာ့ကော်ဖီအား ပြည်ပတင်ပို့မှုသည် တနှစ်လျှင် အမေရိ ကန်ဒေါ်လာ ၁၀ သန်းကျော်အထိရှိလာကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းထံမှ သိရသည်။ မြန်မာ့ကော်ဖီတင်ပို့မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၃၀၀ ကျော်သာ တင်ပို့နိုင်ခဲ့ရာမှ ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်များတွင် တန်ချိန် ၄၀၀ ကျော် အထိ ပိုပြီးတိုးတက်လာခဲ့ပြီး အမေရိကန် အပါအဝင် အာရှ နှင့် ဥရောပ နိုင်ငံပေါင်း ၁၆ နိုင်ငံ သို့ တင်ပို့လျက်ရှိသည်။

ပြည်တွင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများသည် ယခုနှစ်ပိုင်း များတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် မိရိုးဖလာနည်းဖြင့် စိုက်ပျိုးရာမှ ပြောင်းလဲကာ စနစ်တကျ စိုက်ပျိုးလာခြင်းကြောင့် ပြည်တွင်းကော်ဖီထုတ်လုပ်မှုများသည် တိုးတက်လာကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း၏ ဥက္ကဋ္ဌ ဦးမျိုးအေးကပြောသည်။ ၎င်းက ဆက်လက်၍ အခုဆိုရင် ကမ္ဘာ့ဈေးကွက်မှာ မြန်မာ့ကော်ဖီက အထူးတန်းဝင် အဆင့်အတန်းတခုမှာ ရောက်နေပြီ။ မြန်မာပြည်တွင်းမှာလည်း မြန်မာ့ကော်ဖီကို အသိအမှတ်ပြုအောင် အများကြီး ကြိုးစားသွားရမယ်။ ကျနော်တို့ နိုင်ငံခြားပို့နေတာက ပမာဏနည်းနည်းလေး ပြည်ပက ဝင်တာက ဒေါ်လာသန်း ၂၀ ဖိုးလောက်အထိရှိတယ်ဟုဆိုသည်။

လက်ရှိအချိန်တွင် မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွင် တောင်တန်းဒေသများတွင်သာ စိုက်ပျိုးသော အရည်အသွေးမြင့်၊ ဈေးကောင်းရရှိသော Arabica ကော်ဖီအမျိုးအစားကို ၉၀ ရာခိုင်နှုန်းအထိ စိုက်ပျိုးထုတ်လုပ်ပြီး ကော်ဖီအထွက်များသော ဈေးနိမ့်၊ မြေပြန့်ကော်ဖီ အမျိုးအစား (Robusta) ၁၀ ရာခိုင်နှုန်းသာ စိုက်ပျိုး ထုတ်လုပ်လျှက်ရှိသည်။ မြန်မာ့ Arabica ကော်ဖီများသည် ပြည်ပဈေးကွက်တွင် တတန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ မှ တသောင်းအထိရှိပြီး မြေပြန့်ဒေသများတွင် စိုက်ပျိုးသော ကော်ဖီများ၏ ဈေးနှုန်းသည် တတန်လျှင် အမေရိကန် ဒေါ်လာ

၂၀၀၀ ဝန်းကျင်သာရှိကြောင်းသိရသည်။ အာရှကော်ဖီအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်က အရည်အသွေးက အဆင့်အတန်းမှီနေပြီပေမယ့် ထုတ်လုပ်မှုပိုင်းမှာတော့ နည်းနေသေးတယ်။ အခုက ဝင်ငွေနည်းဒေသတွေမှာ ဘိန်းအစားထိုး သီးနှံအဖြစ်လည်း ကော်ဖီကို တော်တော်စိုက်ပျိုးလာနေတယ် ပိုပြီးတိုးတက်အောင်ကတော့ အစိုးရရော ပုဂ္ဂလိကရော ပူးပေါင်းဆောင်ရွက်ရဦးမယ်ဟုဆိုသည်။

မြန်မာ့ကော်ဖီကို ရှမ်းပြည်နယ်( ရွာငံ၊ ဟိုပုံး၊ နောင်ချို )၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ မိုးကုတ်မြို့များတွင် အဓိကစိုက်ပျိုးလျက်ရှိပြီး ကရင်ပြည်နယ် သံတောင်ကြီးတွင်လည်း မြေပြန့်ကော်ဖီအမျိုးအစားများကို အနည်းငယ် စိုက်ပျိုးလျက်ရှိကာ တနိုင်ငံလုံးတွင် ကော်ဖီ စိုက်ဧကပေါင်း ၅ သောင်း ကျော်အထိရှိလာကြောင်းသိရသည်။ ပြည်ပသို့ ကော်ဖီတင်ပို့မှု နှစ်စဉ် မြင့်တက်လာနေသော်လည်း ကော်ဖီစိုက်တောင်သူများအနေဖြင့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုကို စီးပွားဖြစ်လုပ်ငန်းတခုအနေဖြင့် ရပ်တည်နိုင်ခြင်းမရှိသေးကြောင်း ၂၀၁၄ ခုနှစ်မှ စတင်ကာ နိုင်ငံတကာ အဖွဲ့အစည်း များ၏ အကူအညီဖြင့် ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်နေသာ ရှမ်းပြည်နယ်ဟိုပုံးမြို့နယ်မှ တောင်သူ ဦးခွန်စိန်ရွှေက ဧရာဝတီသို့ပြောသည်။ ၎င်းက ပိုဝင်တာထက် ဝင်ငွေက မိသားစုစားဝတ်နေရေးကို ပိုအဆင်ပြေ လာစေတာပဲရှိတာပေ့ါ။ အရမ်းကြီး စီးပွားဖြစ်ဖို့ကျတော့ ဒီအနောက်ပိုင်းမှာကျမှ ဖြစ်လာနိုင်မယ့်အခြေအနေပေ့ါ အခုလက်ရှိကတော့ အရမ်းကြီးစီးပွားဖြစ်လောက်အောင်တော့မရှိသေးဘူးဟုဆိုသည်။

မြန်မာနိုင်ငံ၏ ကော်ဖီထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုသည် နည်းပညာအားနည်းခြင်း၊ သတင်းအချက်အလက် ဖလှယ်မှု လိုအပ်ချက်များရှိနေခြင်းနှင့် ပြည်ပဈေးကွက်ဝေစုအားနည်းခြင်းတို့ကြောင့် အခြားကော်ဖီစိုက်ပျိုးထုတ်လုပ် သော နိုင်ငံများနှင့်နှိုင်းယှဉ်ပါက များစွာဖွံ့ဖြိုးမှုနောက်ကျနေလျက်ရှိသည်။ ကော်ဖီသည် သွင်းကုန်အစားထိုး ထုတ်ကုန်သာမက ဘိန်းအစားထိုးသီးနှံဖြစ်ခြင်းနှင့် နိုင်ငံခြားဝင်ငွေရှာပေးနိုင်သော စိုက်ပျိုးသီးနှံတခုဖြစ်ခြင်းတို့ကြောင့်လည်း အစိုးရ အနေဖြင့်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်ဖီအသင်း အဖွဲ့များနှင့်တောင်သူများပူးပေါင်းကာ လုပ်ဆောင်ရွက်လျက်ရှိသည်။

**Source:** https://burma.irrawaddy.com/business/2019/07/18/198269.html

## STOCK EXCHANGE (18.7.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 18th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 5,234 | 60,191,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,300 | 3,350 | 3,300 | 17,665 | 58,303,900 | 38,929,150 | 128,466 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,300 | 8,300 | 8,000 | 185 | 1,500,700 | 10,400,986 | 83,208 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 10 | 235,000 | 2,472,053 | 58,093 |
| TMH | 00005 | 3,050 | +50 | +1.67% | 3,100 | 3,100 | 3,000 | 2,300 | 7,031,500 | 12,212,906 | 37,249 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 453.26 | +1.87 | +0.41% | 453.71 | 456.98 | 453.26 | 25,394 | 127,262,100 | 5 | 618,813 |

**Index chart**



## Market Overview

As of 12:00 pm, 18th Jul. 2019

| MYANPIX-1 | 456.98<br>5.59 |
|---|---|
| Total Volume (shares) | 13,827 |
| Total Value (MMK) | 69 mil |
| Listed Company | 5 |
| Market Cap. (MMK) | 623,880 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | 0 |
| MTSH | 00002 | 3,350 | 100 |
| MCB | 00003 | 8,300 | 300 |
| FPB | 00004 | 23,500 | 0 |
| TMH | 00005 | 3,050 | 50 |

TIR